ကမ်းနီကျေးရွာ

ကောင်လွင်ကျေးရွာအုပ်စု၊ မံစီမြို့နယ်

ကချင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကမ်းနီကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မံစီမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဒီဇင်ဘာလ၊ ၂၀၁၉-၂၀၂၀ ပြည့်နှစ်

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

သယ်ဇာတပြမြေပုံ



ရာသီခွင်ပြ ပြကွဒိန်





၁။ တည်နေရာနှင့် ပထဝီအနေအထား

ကမ်းနီကျေးရွာသည်ကချင်ပြည်နယ်၊ဗန်းမော်ခရိုင်၊မံစီမြို့နယ်ကောင်လွင်ကျေးရွာအုပ်စု၊မံစီမြို့မှ(၄၀)မိုင်ကျော်ခန့်ကွာဝေးပြီးမိုးလှိုင်းကျေးရွာမှချောင်းဖျားခံစီးဆင်း၍စင်းခန်းမြို့မှဇရာဝတီမြစ်အတွင်းသို့တိုက်ရိုက်စီးဆင်းခဲ့ရာမြောက်လတ္တီကျူ23.762106၊အရှေ့လောင်ဂျီကျူ97.049042တွင်တည်ရှိပါသည်။ကျေးရွာသည်မိုးတွင်းကာလရေကြီးချိန်တွင်ကျေးရွာအနိမ့်ပိုင်းလယ်ကွင်းများ ရေလွှမ်းမိုးခံရတတ်သည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မ(၇၆)ခန့်ရရှိသည်။သဘာဝပေါက်ပင်များမှာ ဝါး၊ကျွန်း၊ကညင်၊အင်ကည်၊သရက်၊ငှက်ပျောနှင့်သဖန်းစသောအပင်များပေါက်သည်။မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော ဧက(၂၅၀)ဧက၊ ပြောင်းဖူး၊နှမ်း၊ငရုတ်၊သခွား၊ပဲ၊ဆောင်းသီးနှံစိုက်ပျိုးနိုင်သောဥယျာဉ်မြေ(၇၀)ဧကခန့်ရှိပါသည်။သဘာဝ ပေါက်ပင်ဆေးဖက်ဝင်အပင်များမှာဆင်တုံးမန္တယ်၊တောရှောက်အူ၊ကြောင်လျှာပင်၊နန္ဒင်း၀ါ၊ဝါး၊ကျွန်း၊တ မာများရှိသော်လည်းဖွံ့ဖြိုးရေးအတွက်ထိရောက်စွာအသုံးမပြုနိုင်ကြပါ။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်အဖွဲ့ပေါင်း(၇)ဖွဲ့ရှိပြီး ၎င်းအဖွဲ့များကိုသုံးသပ်ရာတွင်ကျေးရွာမှမိမိတို့လို အပ်ချက်အရဖွဲ့စည်းထားသောအဖွဲ့များဖြစ်သည်။တာဝန်ယူမှု၊တာဝန်ခံမှုအပြည့်အဝရှိပြီးလူထုနှင့် လည်းအချင်းချင်းယုံကြည်မှုရှိသည်။လုပ်ငန်းလုပ်ဆောင်မှုကောင်းမွန်ပြီးကြာရှည်လည်းရပ်တည်နိုင် ကြသည်။ပြင်ပမှလုပ်ငန်းလိုအပ်ချက်အရဖွဲ့စည်းခဲ့သောအဖွဲ့များရှိသော်လည်းတာဝန်ယူမှု၊တာဝန်ခံမှု အပြန်အလှန်ယုံကြည်မှုအားနည်းသည်။သက်ဆိုင်ရာစီမံချက်လုပ်ငန်းအကောင်အထည်ဖော်ရုံသ ဘောမျှသာဖွဲ့စည်းထားသည့်ပုံစံဖြစ်သည်။ကျေးရွာအတွင်းရှိအဖွဲ့အစည်းများမှာတစ်ဖွဲ့နှင့်တစ်ဖွဲ့အ ခြေအနေကိုမသိကြဘဲအဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်မှုလည်းမရှိချိတ်ဆက်မှုအားနည်းသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ် မိုး စပါးစိုက်ပျိုးနိုင်ကြသည်။ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံသည်မိုးစပါး၊ပြောင်းဖူးနှင့်ဆောင်းသီးနှံမုန့် ညင်းဆီထွက်သီးနှံများအနည်းငယ်စိုက်ပျိုးကြပါသည်။ကျေးရွာတွင်လယ်(၂၅၀)ဧက၊ဆောင်းသီးနှံမုန့် ညင်း
(၇၀)ဧကရှိပါသည်။လယ်ယာမြေမှာမြေဆီလွှာအရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။လယ် များမှားမိုးရေကိုသာအဓိကထား၍စိုက်ပျိုးရပြီးအနိမ့်ပိုင်းလယ်များသည်မိုးရာသီတွင်ရေလွှမ်းခြင်း ကြောင့်စပါးများပုတ်ပြီးကောက်ပင်စိုက်ရသည့်အခက်အခဲများကြုံတွေ့နေရပါသည်။ထို့ကြောင့်ရေနှ တ်
မြောင်းရေလွှဲနိုင်ပါကအဆင်ပြေပြန်လည်စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။စပါးတစ်ဧကအနည်းဆုံး(၁၀) တင်းမှအများဆုံး(၅၀)တင်းရရှိပြီးပျှမ်းမျှတစ်ဧက(၅၀)တင်းနှုန်းထွက်ပါသည်။မိုးစပါးကိုဇွန်လတွင်ပျို ်း ထောင်ပြီး ဇူလိုင်လတွင် ပျိုးနုတ် စိုက်ပျိုးကြပါသည်။ နိုဝင်ဘာလတွင်ပြန်လည် ရိတ်သိမ်းကြပါသည်။ ပြောင်းဖူးကို မေ၊ ဇွန် တွင်စိုက်ပျိုး ပြီးနိုဝင်ဘာ၊ဒီဇင်ဘာလ များတွင် ရိတ်သိမ်း ကြပါသည်။တစ်ဧက အနည်းဆုံး(၃၀)တင်းမှအများဆုံး(၇၀)တင်းနှုန်းထွက်ပြီးပျှမ်းမျှတစ်ဧက(၅၀) တင်းနှုန်းထွက်ပါသည်။ဆီမုန့်ညင်းကိုနိုဝင်ဘာ၊ဒီဇင်ဘာလများတွင်စိုက်ပျိုးကြပြီးမတ်လတွင်ရိတ်သိ မ်းကြပါသည်။တစ်ဧကအ
နည်းဆုံး(၂)တင်းအများဆုံး(၈)တင်ထွက်ပြီးပျှမ်းမျှ(၅)တင်းနှုန်းထွက်ပါသည်။သို့သော်ကျေးရွာမှရင်း နှီးမတည်မှုအားနည်းသဖြင့် တနိုင်တပိုင်သာစိုက်ပျိုးနိုင်ကြပါသည်။

ဟင်းသီးဟင်းရွက်များကိုစီးပွားဖြစ်စိုက်ပျိုးလေ့မရှိပါ။အိမ်စားသုံးရန်အတွက်လောက်သာစို က်ပျိုးလေ့ရှိကြသည်။စပါး၊ဟင်းသီးဟင်းရွက်စသည်တို့အတွက်ဈေးကောင်းမရသော ကြောင့်လယ် သမား များအကျိုးအမြတ်ရရှိမှုနည်းပါသည်။မိရိုးဖလာစိုက်ပျိုးလာသောဖော်ပြပါသီးနှံများကို သာစိုက်ပျိုးနိုင်ကြပြီးအခြားဈေးကွက်ဝင်သီးနှံရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။သီးနှံထုတ်လုပ်မှုမှာဝင် ငွေ နည်းသည့်အတွက် လူငယ်များသည်ပြင်ပသို့ထွက်၍ဝင်ငွေရှာထွက်ကြပါသည်။ ယင်းအကျိုးဆက် အနေဖြင့်သီးနှံထုတ်လုပ်မှုတွင်လုပ်သားရှားပါးခြင်း ဝင်ငွေနည်းသည့်အတွက် မိသားစုခက်ခဲ မှုများ ပြား လာပါသည်။

ကျေးရွာတွင်မြေယာမဲ့ ၆ အိမ်၊ဆင်းရဲသားတောင်သူ ၄ အိမ်၊တောင်သူငယ် ၂၉ အိမ်၊ တောင်သူလတ်ဖအိမ်နှင့်တောင်သူကြီး၉အိမ်ရှိပါသည်။ကျေးရွာတွင်အိမ်မွေးတိရိစ္ဆာန်များကိုအိမ်တိုင်း နီးပါးမွေးမြူကြသော်လည်းစီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။မံဖွကျေးရွာတွင်ကျွဲ(၁၇၇)ကောင်၊နွား (၁၄၀) ကောင်၊ ဝက်(၇၁) ကောင်၊ ကြက်(၇၁၄)ကောင် မွေးမြူကြပါသည်။

(၈) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင်သောက်ရေတွင်း(၂)တွင်း၊အဝီစိစက်တပ်တွင်း(၃)တွင်း၊ရေတုံကင်(၅၂)တွင်းနှင့် ချောင်းရေအသုံးပြုသူ(၁၅)အိမ်ထောင်စုရှိသော်လည်းရေအရည်အသွေးကောင်းမကောင်းမသိကြပါ။ ထို့ကြောင့်သောက်ရေအရည်အသွေးစစ်ဆေးရန်လိုအပ်ပါသည်။

ကျေးရွာတွင်မူလတန်းကျောင်းအဆင့်ထိရှိပြီးကျောင်းသားဦးရေမှာ(၄၄)ဦးရှိသည်။အလယ် တန်းအထက်ကျောင်းသူ/သားများမှာကျေးရွာနှင့်(၁)မိုင်ခန့်ဝေးသောကောင်လွင်ကျေးရွာသို့သွားရော က်တက်ရောက်ကြရပါသည်။ကောင်းလွင်နှင့်ကမ်းနီရွာနှစ်ခုကြားတွင်မိုးရာသီကျောက်ဆည်ရေကြီး ခြင်း၊တောခြားခြင်း၊ရွာဆက်လမ်းများမကောင်းခြင်းတို့ကြောင့်အလွန်နဒုက္ခရောက်ကြရပါသည်။ထို့ ကြောင့်ရွာချင်းလမ်းများကောင်းမွန်အောင်လုပ်သင့်ကြောင်းလေ့လာတွေ့ရှိရပါသည်။ရွာတွင်းလမ်းမျ ားမှာမြေသားလမ်း၊ဖုန်ထူလမ်းတို့ဖြစ်ပါသည်။နွေနှင့်ဆောင်းသွားလာရအဆင်ပြေသော်လည်းမိုးရာ သီတွင်ရွံ့ဗွက်လမ်းအသွင်ပြောင်း၍ခက်ခဲသောလမ်းဖြစ်ပါသည်။အရှည်မှာ(၁)မိုင်ခန့်ရှိပါသည်။ရွာချင် းဆက်လမ်းမှာကျောက်ကြမ်းလမ်းဖြစ်ပြီးအရှည်မှာ(၅)ဖာလုံခန့်ရှိပါသည်။ကျောက်ခင်းလမ်းဟုဆို ော်လည်းအချို့နေရာများတွင်ကျောက်သားတစ်ဝက်မြေသားတစ်ဝက်နှင့်လမ်းမကောင်းပါ။

ကျေးရွာတွင်အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ၄က်ဖျားရောဂါများ ဖြစ်သည်။ကျေးရွာတွင်ဆီးချိုနှင့်သွေးတိုးရောဂါများအဖြစ်များသည်။ ၂၀၂၁ ခုနှစ် သြဂုတ်လနှင့် စက်တင်ဘာလများတွင် COVIT-19 ရောဂါတစ်ရွာလုံးနီးပါး ခံခဲ့ရပါသည်။ရောဂါဖြစ်ပါက ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိပါသောကြောင့် မိမိအစီအစဉ်ဖြင့် ကုသခြင်း မံစီမြို့ဆေးရုံဆေး ခန်းသို့ သွားရောက်ကုသရပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၊ အမျိုးသမီးရေးရာအဖွဲ့ ၊ မိခင်နှင့်ကလေးစောင့် ရှောက်အဖွဲ့များ၏ကျန်းမာရေးပညာရေး ဟောပြောမှုများကြောင့် ယခင်အိမ်သာမရှိသောအိမ်များပင် ယင်လုံအိမ်သာ(ရေလောင်းအိမ်သာ)များအသုံးပြုနေကြပြီး ကျေးရွာတွင် အိမ်သာမရှိမှာ တစ်အိမ် ထောင်သာရှိပါသည်။

ကျေးရွာတွင်ဆိုလာစနစ်သုံးစွဲသူများမှာရာသီဥတုမကောင်းပါကအားမပြည့်ပါ။စာကြည့်မီးအ တွက်သာ အသုံးပြုပြီးကျန်အိမ်သုံးပစ္စည်းများအသုံးပြုမရနိုင်သောကြောင့်အခက်အခဲများရှိသည်။

ကျေးရွာ နှင့်အနီးဆုံးစျေးမှာ ကောင်လွင်စျေးဖြစ်ပြီး (၁)မိုင်ခန့် ဝေးသည်။ ကျေးရွာမှထွက် သော စပါး၊ ပဲ၊ ပြောင်း၊မုန့်ညင်းဆန်စသော ကုန်စည်များများရောင်းမည်ဆိုပါက ကျေးရွာမှ မိုင်(၄၅)ကျော်ခန့် ကွာဝေးသော ဗန်းမော်စျေးသို့ ကား၊ ထော်လာဂျီများကိုငှား၍ သွားရောင်းရ ပါသည်။ရောင်းချမည့် ကုန်စည်များပို့ဆောင်ရာတွင် လမ်းပမ်းဆက်သွယ်မှု မကောင်းခြင်းကြောင့် တန်ဆာခ နှင့်ငှားရမ်းခမှာ များစွာပေးရသည်။ထို့ကြောင့်စျေးကွက်သို့ချောမွေ့စွာရောက်ရှိနိုင်ရန်

အတွက်လမ်းကောင်းရန်လိုအပ် ခြင်းနှင့်ကျေးရွာနှင့်သိပ်မဝေးသောနေရာ၌ ဈေးကွက်တစ်ခုရှိ ထားနိုင်ရန်လိုအပ်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင်အစိုးရစိုက်ပျိုးရေးဘဏ်မှချေးငွေရရှိသည်။ပုံစံ(၇)ရှိသောလယ်တစ်ဧကလျှင်(၁၅ ၀၀၀၀)ကျပ်အများဆုံး(၁၀)ဧကအထိသာချေးငွေရရှိပါသည်။အတိုးနှုန်း(၈၀)ပြားတိုး၊ချေးငွေကာလ (၆-၈)လဖြစ်ပါသည်။သီးနှံအောင်သည်ဖြစ်စေ၊မအောင်သည်ဖြစ်စေသတ်မှတ်ထားချိန် တွင်မဖြစ်မ နေပေး ဆပ်ကြရပါသည်။သီးနှံအောင်မြင်ပါကလည်းမိမိတို့သီးနှံကိုဈေးကောင်းမစောင့်နိုင်ဘဲ သတ် မှတ်ကာလတွင်ပေးဆပ်နိုင်ရန်ရောင်းချကြရသဖြင့်တောင်သူများအတွက်အကျိုးရှိမှုနည်းသည်။ချေး ငွေပမာဏမှာလည်းကုန်ကျစရိတ်လုံလောက်မှုမရှိသောကြောင့်ကျန်လိုအပ်သောအရင်းအနှီးအချို့ကိုငြ ငြင်ပငွေချေးသူ များထံမှအတိုးနှုန်းမြင့်မားစွာထပ်မံချေးယူ စိုက်ပျိုးကြရသည်။

မြစိမ်းရောင်ချေးငွေမှာ အတိုးနှုန်းသက်သာသည်။ အပေါင်ခံမလိုသော်လည်း ကာလတို ချေးငွေ ဖြစ်ပြီးချေးငွေလုံလောက်မှုမရှိသေးပါ။ထို့ကြောင့်တောင်သူများနှင့်သင့်လျော်သော အတိုး နှုန်းသက်သာ သည့်နှစ်ရှည်ချေးငွေပံ့ပိုးပေးရန်တင်ပြကြသည်။

(င) ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်းအဆင့်ရှိပြီး မူလတန်းနှင့် အလယ်တန်းကျောင်းသားဦးရေမှာ (၈၁)ရှိသည်။ကျောင်းသုံးစားပွဲ၊ကုလားထိုင်များလုံလောက်မှုမရှိသေးသဖြင့်ရပ်ရွာကျောင်းကော်မတီ များ၊မိဘဆရာအသင်းများမှ ကူညီပံ့ပိုးထားရှိသည်။ ကျောင်းအိမ်သာအခြေအနေ အသင့်အတင့် ကောင်းမွန်သော်လည်း လုံလောက်မှုမရှိပါ။

တပည့်ဆရာအချိုးမှာ ၄၀: ၁ အောက်ရှိသောကြောင့် ဆရာ/ဆရာမလုံလောက်မှု ရှိသည်။မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ်မရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကရိယာလုံလောက်မှုရှိသည်။ဆင်းရဲသောမိသားစုများအတွက်ကျောင်းစရိတ် မတတ်နိုင်မှုမှာ အသင့်အတင့်ရှိသည်။ ကျောင်းတွင် အားကစားကွင်းရှိသော်လည်း အားကစားပစ္စည်းလုံလောက်မှု မရှိပါ။ မိဘဆရာအသင်း၏ အခန်းကဏ္ဍ အသင့်အတင့်သာ ကောင်းသည်။

အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုသင်တန်းများလက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာ နိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

(စ) ကျန်းမာရေး

အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှု နိမ့်သည်။ ဆင်းရဲသားများမှာ ခြင်ထောင်မသုံးစွဲနိုင်ခြင်း၊ ရေဝပ်ခြင်းနှင့် ခြုံပုတ်များရှိပြီး ခြင်ပေါသဖြင့် သွေးလွန်တုတ်ကွေး အဖြစ် များသည်။ ၄က်ဖျားရှိသော်လည်း ဖြစ်ပွါးမှုနိမ့်သည်။ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါနှင့် လိင်မှ တဆင့် ကူးစက်နိုင်သော ရောဂါ၊ တီဘီရောဂါနှင့် အဟာရ ချို့တဲ့မှုရောဂါများ ဖြစ်ပွါးမှုနိမ့်သည်။ ဟင်း ချိုမှုန့် အလွန်အကျွံသုံးခြင်း၊

ဓါတုဆေးဝါးပါသော အသားငါး၊ ဟင်းသီး/ရွက်နှင့် အသီးများ၊ အရောင် ချွတ်ဆေးပါသော အစားအစာများကို နေ့စဉ် မလွဲမရှောင်သာ စားသောက်နေရခြင်း၊ ကျန်းမာရေးလေ့ကျင်းခန်းပြုလုပ်သည့် အလေ့အထမရှိခြင်းတို့ကြောင့် ဆီးချို၊ သွေးတိုး ရောဂါမှာ အဆိုးဆုံးဖြစ်ပွါးပြီး ကျန်းမာရေးဆေးကုသစရိတ် ကုန်ကျမှုများကြသည်။ အသည်းရောင်ရောဂါ (ဘီ၊စီ) မှာလည်း အသက် ရှူလမ်းကြောင်းမှတဆင့် ကူးစက်ခြင်းနှင့် လူအသုံးအဆောင်များကို ရောဂါရှိသူများနှင့် အတူသုံးစွဲရာ မှတဆင့် အလွယ်တကူ ကူးစက်နိုင်သော ကြောင့် အသည်းရောင်ရောဂါ (ဘီ၊စီ) အဖြစ်များသည်။ ကျေး ရွာတွင် အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ ကျန်းမာရေးဗဟုသုတလည်း အားနည်းသည်။ ထို့ ကြောင့် ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေးသင်တန်း၊ ကျန်းမာရေးလေ့ကျင့်ခန်းသုံး ကရိယာများ လိုအပ်လျက်ရှိပြီး ကျေးရွာတွင် ကာကွယ်ဆေးများကို ပုံမှန်ထိုးပေးလေ့ရှိသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီဩဇာ အခြေအနေတွင် ရွေ့ ပြောင်းတောင်ယာစိုက်ပျိုးသည့် အလေ့အကျင့်ကြောင့် မြေဆီလွှာတိုက်စားခြင်းနှင့် မြေဆီဩဇာ လျော့ နည်းလာပြီး အန္တရာယ်ရှိမှုမြင့်သည်။ လူအသုံးဝင်သော အပင်မျိုးစိတ်များ (ဝါး၊ သစ်၊ ဆေးဖက် ဝင် အပင်များ၊ သစ်ခွများ စသည်) မှာလည်း စည်းကမ်းမဲ့ထုတ်ယူသုံးစွဲခြင်းနှင့် ထိန်းသိမ်းမှု အားနည်း ခြင်းတို့ကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ရာသီဥတုဖေါက်ပြန်ခြင်းနှင့် ဓါတုဆေးဝါများကို စနစ်တကျသုံးစွဲခြင်းမရှိသောကြောင့် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု တွင်လည်း အန္တရာယ်ရှိမှု မြင့်သည်။ သစ်တောပြုန်းတီးမှုကြောင့် ရေထွက်နှင့် ရေအရင်းအမြစ်များ ခမ်းခြောက်လာသဖြင့် ရေအ ရင်းအမြစ်များ အန္တရာယ်ရှိမှု လတ်ဖြစ်သည်။ ဘက်ထရီဖြင့် ရှော့တိုက်ခြင်း၊ ပိုးသတ်ဆေးဘူး ခွံများကို လယ်များ၊ ချောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ငါးမျိုးကွဲများ ပြုန်းတီးလာကြပြီး အန္တရာယ် ရှိမှု မြင့်သည်။ စည်းကမ်းကဲ့ မုဆိုးလိုက်ခြင်းနှင့် ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် အခြားတောရိုင်း တိရိစ္ဆာန်များမှာလည်း ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ကျီ၊ တောဝက်၊ တောကြောင် အနည်းငယ် သာရှိပြီး ရှားပါးလာသည်။ မိုးရာသီတွင် မိုးရက်ဆက်ရွာသွန်းလျှင် စပါးခင်းများ ရေနှစ်မြှုပ်ခံရသော
ကြောင့် အချို့ တောင်သူ များ၏ စပါးခင်းများရေနစ် ပျက်စီး၍ နောက်တကြိမ် ပြန်လည်စိုက်ပျိုးရခြင်းများ ကြုံ တွေ့ ကြရသည်။

(ဇ) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများက ဦး ဆောင်လေ့ရှိသည်။ ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှု ခေါင်း ဆောင်မှု မရှိသေးပါ။ လူထုမှ ရွေးချယ်တင်မြောက်ကြသော်လည်း အမျိုးသမီးများ မိမိကိုယ်မိမိ ယုံ

ကြည်မှုအားနည်းနေသေးသောကြောင့် တာဝန်ယူနိုင်ခြင်းမရှိသေးပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ထုတ်ကုန်လုပ်ငန်းနှင့် ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းများ တွင် အမျိုးသားနှင့် အမျိုးသမီးလုပ် အားခတန်းတူရကြပြီး ကျွမ်းကျင်မှုကို အခြေခံသော ဆောက်လုပ် ရေးလုပ်ငန်းတွင် အမျိုးသားနှင့် အမျိုးသမီး လုပ်အားခ တန်းတူမရကြပါ။ ၄င်းလုပ်ငန်းများအနက် ဆောက်လုပ်ရေးလုပ်ငန်းသည် လုပ်အားခ ဝင်ငွေ အများဆုံးဖြစ်ပြီး အမျိုးသား တစ်ရက်လုပ်အားခ ၇၀၀၀ ကျပ်အထိနှင့် အမျိုးသမီးများ တစ်ရက် လုပ်အားခ ၅၀၀၀ ကျပ်အထိရကြသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခ သိသာစွာ ခွဲခြားမှုမရှိဘဲ တန်း တူ ရသည်ဟု ဆိုနိုင်ပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားေးအဆင့်
၁	အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံကိန်း	၁။ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း ၂။လေ့လာရေးခရီး	၁၉
၂	ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။မူကြိုကျောင်းသင်ထောက်ကူပစ္စည်းများထောက်ပံ့ပေးခြင်း ၂။ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ခြင်း ၃။ကျောင်းခြံစည်းရိုးကာရံခြင်း ၄။ကျောင်းသုံးပရိဘောဂ	၂
၃	ကျန်းမာရေးဖွံ့ဖြိုး မှုစီမံကိန်း	၁။ကျန်းမာရေးအသိပညာပေးသင်တန်း	၅
၄	သောက်ရေနှင့်သန့်ရှင်းမှုဖွံ့ဖြိုးမှုစီမံကိန်း	၁။ သောက်ရေတွင်းတူးဖော်ခြင်းနှင့်အဟောင်းပြုပြင်ခြင်း	၁၆
၅	လမ်းတံတားနှင့်အခြေခံအဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း	၁။ ကျေးရွာအစည်းအဝေးခန်းမဆောင်ဆောက်လုပ်ခြင်း ၂။ရွာတွင်းလမ်းပြုပြင်ခြင်း/အဆင့်မြှင့်တင်ခြင်း	၁
၆	စိုက်ပျိုးရေးသီးနှံထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း	၁။စပါးမျိုးကောင်းမျိုးသန့်ရရှိရေး	၁၀

၇	ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုဖွံ့ဖြိုးရေးစီမံကိန်း	၁။အတိုးနှုန်းသက်သာသောနှစ်စဉ်ချေးငွေ	၁၂
၈	အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖွံ့ဖြိုးမှုစီမံကိန်း	၁။ခေတ်မှီစက်ကိရိယာတပ်ဆင်ခြင်းလုပ်ငန်း	၄
၉	အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း	၁။အလှပြင်သင်တန်း ၂။စက်ချုပ်သင်တန်း ၃။ဆိုင်ကယ်၊ကားစက်ပြင်သင်တန်း ၄။ပန်းအလှပြင်သင်တန်း	၃
၁၀	လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း	၁။ကွန်ပြူတာသင်တန်း ၂။ENGLISHစကားပြောသင်တန်း ၃။ရိုးရာတီးဝိုင်း/ခေတ်ပေါ်တီးဝိုင်းထူထောင်ခြင်း ၄။အားကစားပစ္စည်းများပံ့ပိုးပေးခြင်း ၅။လူငယ်ခန်းမရိပ်သာဆောက်လုပ်ခြင်း ၆။မူးယစ်ဆေးကာကွယ်တားဆီးရေးအသိပညာပေးသင်တန်း ၇။ခေတ်မှီစာကြည့်တိုက်ထူထောင်ခြင်း ၈။အင်တာနက်ကိုအကျိုးရှိရှိအသုံးပြုခြင်း	၉
၁၁	သယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။သုံးဘီးဆိုင်ကယ်တက္ကစီထူထောင်ခြင်း	၁၇
၁၂	သဘာဝဘေးလျော့ချရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။မြေထိန်းနံရံဆောက်လုပ်ခြင်း	၁၈
၁၃	သဘာတပတ်ဝန်းကျင်ထိန်းသိမ်းရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။အသိပညာပေးဟောပြောပွဲပြုလုပ်ပေးခြင်း ၂။ကျေးရွာလမ်းဆုံအမှိုက်ပုံများထားရှိခြင်း ၃။ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အသိပညာပေးဟောပြောခြင်း	၁၅
၁၄	အမျိုးသမီးစွမ်းဆောင်ရည်ဖွံ့ဖြိုးမှုစီမံကိန်း	၁။အိမ်တွင်းအကြမ်းဖက်မှုကာကွယ်ရေးဥပဒေသင်တန်း ၂။အမျိုးသမီးများစွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်း ၃။အမျိုးသမီးကာကွယ်စောင့်ရှောက်နည်းသင်တန်း	၁၃
၁၅	မူဝါဒများ	၁။စိုက်ပျိုးမြေပုံရရှိနိုင်ရေး ၂။တိုင်းရင်းသားစာပေများကိုကျောင်းသင်ရိုးညွှန်းတမ်းများတွင်ထည့်သွင်းသင်ကြားပေးရေး ၃။အုပ်ချုပ်ရေးတွင်အမျိုးသမီးများကိုအချိုးကျအနည်းဆုံး (၂၀)%ပါဝင်ဖွဲ့စည်းပေးရန်	၈

နောက်ဆက်တွဲ (၁)
ဖွံ့ဖြိုးရေးဗျူဟာ ဇယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအ တွက် အထောက်အကူဖြစ်စေ မည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေအ ေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအ တွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
၁။ ကဏ္ဍ-အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှု					
ကျေးရွာရှိအ ဖွဲ့အစည်း များ စွမ်းဆောင် ရည်အားနည် ်းသည်။	ခေါင်းဆောင်အဖွဲ့အစည် ်းနှင့်ရွာသူရွာသားများခ ျိတ်ဆက်မှုအားနည်းခြ င်း၊အဖွဲ့အစည်းဆိုင်ရာ အခြေခံသဘောတရားန ှင့်ဆိုင်ရာဗဟုသုတအား နည်းခြင်း	ကျေးရွာတွင်ကျေးရွာ၏ဖွံ့ ဖြိုးရေးကို သီးခြားစီး တာဝန်ခွဲလုပ်ကိုင်နေကြ သော အဖွဲ့အစည်းများစွာ ရှိ သည်။	ကျေးရွာသူရွာသားများပြင် ပဗဟုသုတလေ့လာမှုအား နည်းခြင်း	အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲ မှုသင်တန်းများဖွင့်လှစ် အသိပေးခြင်း လေ့လာရေးခရီးများစီစဉ် ပေးခြင်း	**၁။အဖွဲ့အစည်းဆိုင်ရာ စီမံ ခန့်ခွဲမှု ဖွံ့ဖြိုးရေး သင်တန်း များ** ၂။ လေ့လာရေးခရီး
၂။ ကဏ္ဍ - ပညာရေး					
မူကြို ကျောင်းမ ရှိခြင်း၊ ကျောင်း ဆောင်အို ဟောင်းနေ ခြင်း၊ကျောင်း ခြံစည်းရိုးလို အပ်ခြင်း	မူကြိုကျောင်းဖွင့်လှစ်ရ န်ကျေးရွာရန်ပုံငွေမရှိ ထားခြင်း၊ကျောင်းသုံးပ ရိဘောဂဟောင်းနွမ်းပျ က်စီးထားခြင်း၊ကျောင်း ခြံစည်းရိုးပျက်စီး နေခြင်း	ကျေးရွာနှင့်ပူးပေါင်းဆွေး နွေးအဖြေရှာနိုင်ပါသည်။	အချို့သောရွာသူရွာသား များအားစည်းရုံးရန်ခက်ခဲ နေခြင်း	ပညာရေးဌာနများသို့အခက် အခဲများတင်ပြတောင်းဆို ခြင်း	၁။မူကြိုကျောင်း သင်ထောက်ကူပစ္စည်း များထောက်ပံ့ခြင်း ၂။ကျောင်းဆောင်တိုးချဲ့ဆောက် လုပ်ခြင်း၊ကျောင်းခြံစည်းရိုးကာရံ ခြင်း

မူကြိုကျောင်းမရှိခြင်း	ကိုယ်ထူကိုယ်ထဖြစ်ခြင်းကြောင့်ငွေကြေးမတတ်နိုင်ခြင်း	ကျေးရွာနှင့်ပူးပေါင်းဆွေးနွေးဆောင်ရွက်နိုင်သည်	ငွေကြေးမတတ်နိုင်ပါ	ပညာရေးဌာနသို့တင်ပြတောင်းဆိုခြင်း	မူကြိုကျောင်းသင်ထောက်ကူပစ္စည်းများထောက်ပံ့ခြင်း
ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ကျေးရွာရှိတာဝန်ရှိပညာေးဌာနနှင့်ဆွေးနွေးဆောင်ရွက်နိုင်သည်	ငွေကြေးအားလုံးကိုကျေးရွာမှမတတ်နိုင်ခြင်း	ပညာရေးဌာနသို့တင်ပြတောင်းဆိုခြင်း	ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ခြင်း
ကျောင်းခြံစည်းရိုးလုံခြုံမှုမရှိခြင်း	ငွေကြေးလိုအပ်ခြင်း	ဒေသတွင်းအလွယ်တကူဝယ်ယူရရှိနိုင်သည်	လိုအပ်သောငွေကြေးမတတ်နိုင်ခြင်း	ပညာရေးဌာနသို့အခက်အခဲများတင်ပြခြင်း	ကျောင်းခြံစည်းရိုးကာရံခြင်း
ကျောင်းသုံးပရိဘောဂလုံေောက်မှုမရှိခြင်း	ကျောင်းသုံးပရိဘောဂများဟောင်နွမ်းပျက်စီးလာခြင်း	ဒေသတွင်းအလွယ်တကူဝယ်ယူရရှိနိုင်သည်။ကျွမ်းကျင်သောလက်သမား၊ပန်းရံရှိသည်။	လိုအပ်သောငွေကြေးမတတ်နိုင်ခြင်း	ပညာရေးဌာနသို့အခက်အခဲများတင်ပြခြင်း	ကျောင်းသုံးပရိဘောဂများလုံေောက်မှုမရှိခြင်း
၃။ ကဏ္ဍ- လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း					
အသက်မွေးဝမ်းကျောင်းနည်းပညာအာ ်းနည်းသည်။ရိုးရာယဉ်ကျေးမှုထိန်းသိမ်းမှုအားနည်းသည်။	အသက်မွေးပညာသင်ကြားနိုင်ခြင်းမရှိ။တိုင်းရင်းသားရိုးရာပွဲများကိုစည်ကားသိုက်မြိုက်စွာနှစ်စဉ်ပုံမှန်ကျင်းပနိုင်ခြင်းမရှိ၊လက်ဆင့်ကမ်းအမွေပေးမှုဆက်ခံမှုအားနည်းသည်။	ဒေသတွင်ကျွမ်းကျင်သူများရှိသည်။နည်းပညာပံ့ပိုးေးသောအဖွဲ့အစည်းများရှိသည်။	ကုန်ကျစရိတ်မတတ်နိုင်ခြင်း	လေ့လာသင်ယူနိုင်မည့်အစီအ စဉ်များထားရှိခြင်း	လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း ၁။စာကြည့်တိုက်ထူထောင်ခြင်း
၄။ ကဏ္ဍ - လမ်းတံတားနှင့် အခြေခံအဆောက်အဦးများဖွံ့ဖြိုးရေးစီမံကိန်း					

ကျေးရွာတွင်လူထုအစည်းအဝေးကျင်းပရန်နေရာအခက်အခဲရှိပါသည်။ ရွာတွင်းကွန်ကရစ်လမ်းလိုအပ်မှုရှိပါသည်။	ကျေးရွာတွင်လူထုအစည်းအဝေးကျင်းပရန်နေရာသီးသန့်မရှိခြင်း	ဆောက်လုပ်ရေးပစ္စည်းများဒေသအတွင်းအလွယ်တကူရရှိနိုင်ပါသည်။ကျွမ်းကျင်သောလက်သမားပန်းရံရှိပါသည်။	အဆောက်အဦးဆောက်လုပ်ရန်မြေနေရာနှင့်ငွေကြေးမတတ်နိုင်ကြပါ။	ကျေးလက်ဦးစီးဌာနသို့တင်ပြအကူအညီတောင်းခံခြင်း	ကျေးရွာအစည်းအဝေးခန်းမဆောင်ဆောက်လုပ်ခြင်း
၅။ ကျန်းမာရေး					
ကျန်းမာရေးအသိပညာအားနည်းခြင်း	ကျန်းမာရေးအသိပညာသင်တန်းများလိုအပ်ခြင်း	ဒေသတွင်းတက်ရောက်ရန်အရည်အချင်းပြည့်မီသူအမျိုးသမီးများရှိသည်။သင်တန်းတက်ရောက်ရန်စိတ်ဝင်စားမှုရှိသည်။	သင်တန်းတက်ရောက်ရန်အဆက်အသွယ်မရှိ၊ကုန်ကျစရိတ်မတတ်နိုင်ကြပါ။	ကျေးလက်ဦးစီးဌာနမှတစ်ဆင့်ကျန်းမာရေးဌာနသို့တင်ပြခြင်း	ကျန်းမာရေးအသိပညာပေးသင်တန်း
၆။ ကဏ္ဍ-သောက်ရေနှင့်သန့်ရှင်းရေး					
အဝီစိစက်ရေတွင်းမရှိ	ကိုယ်ထူကိုယ်ထပြုလုပ်ရန်ငွေကြေးမတတ်နိုင်ခြင်း	ဒေသတွင်းကျွမ်းကျင်သောစက်ရေတွင်းတူးဖော်သူပညာရှင်များရှိခြင်း	မြေအောက်တွင်ကျောက်ပြား၊ကျောက်စရစ်များခံေခြင်း	ခေတ်မှီစက်ကြီးများနှင့်တူးဖော်နိုင်ရန်ကျေးလက်ဦးစီးဌာနသို့တင်ပြအကူအညီတောင်းခံခြင်း	သောက်ရေတွင်းအဝီစိစက်ရေတွင်းတူးဖော်ခြင်း
၇။ ကဏ္ဍ-လမ်းတံတားနှင့်အခြေခံအဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း					
ကျေးရွာတွင်လူထုအစည်းအဝေးကျင်းပ	ကျေးရွာတွင်လူထုအစည်းအဝေးကျင်းပရန်နေရာသီးသန့်မရှိခြင်း	ဆောက်လုပ်ရေးပစ္စည်းများဒေသတွင်းအလွယ်တကူဝယ်ယူနိုင်သည်။ကျွမ်း	အဆောက်အဦးဆောက်လုပ်ရန်နှင့်ငွေကြေးမတတ်နိုင်ပါ။	ကျေးလက်ဦးစီးဌာနသို့တင်ပြအကူအညီတောင်းခံခြင်း	ကျေးရွာအစည်းအဝေးခန်းမဆောင်ဆောက်လုပ်ခြင်း

ရန်နေရာအခက်အခဲရှိသည်။		ကျင်လက်သမား၊ပန်းရံရှိသည်။			
ရွာတွင်းကွန်ကရစ်လမ်းလိုအပ်မှုရှိနေသည်။	ရွာတွင်းကွန်ကရစ်လမ်းမှာပေ၃၀၀ လောက်သာရရှိထား၍မိုးတွင်းအခါသွားလာရခက်ခဲခြင်း	ဒေသတွင်းလိုအပ်သောပစ္စည်းများအလွယ်တကူရရှိနိုင်သည်။ကျွမ်းကျင်သောလက်သမား၊ပန်းရံရှိသည်။	လိုအပ်သောငွေကြေးမတတ်နိုင်ကြပါ။	ကျေးလက်ဦးစီးဌာနသို့တင်ပြအကူအညီတောင်းခံခြင်း	ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း
၈။ ကဏ္ဍ-စိုက်ပျိုးရေးသီးနှံထုတ်လုပ်မှုစီမံကိန်း					
စပါးမျိုးကောင်းမျိုးသန့်လိုအပ်မှုရှိသည်။	စပါးမျိုးကောင်းမျိုးသန့်ကိုအလွယ်တကူမရရှိနိုင်ခြင်း	စိုက်ပျိုးရေးဦးစီးဌာနနှင့်ဆက်သွယ်နိုင်သည်	စပါးမျိုးကောင်းမျိုးသန့်၏ဈေးသည်ကွာခြားချက်ရှိ၍မတတ်နိုင်ပါ	ကျေးလက်ဦးစီးဌာနမှတစ်ဆင့်စိုက်ပျိုးရေးဦးစီးဌာနသို့တင်ပြအကူအညီတောင်းခံခြင်း	စပါးမျိုးကောင်းမျိုးသန့်ရရှိရေး
၉။ ကဏ္ဍ-ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုဖွံ့ဖြိုးရေးစီမံကိန်း					
နှစ်ရှည်ချေးငွေများလိုအပ်မှုရှိသည်	အတိုးနှုန်းသက်သာသောနှစ်ရှည်ချေးငွေများမရရှိခြင်း၊လက်ရှိရရှိသောစိုက်ဘဏ်နှင့်မြစိမ်းရောင်စီမံကိန်းမှာကာလတိုချေးငွေဖြစ်ခြင်း၊ချေးငွေအချိန်မှီမရခြင်း၊ပမာဏနည်းပါးခြင်း	နိုင်ငံတော်မှနှစ်ရှည်ချေးငွေများပံ့ပိုးပေးလျက်ရှိသည်	လက်ရှိချေးငွေမှာတောင်သူများနှင့်ကိုက်ညီမှုအားနည်းနေသည်	လွှတ်တော်မှတစ်ဆင့်တင်ပြခြင်း	အတိုးနှုန်းသက်သာသောနှစ်ရှည်ချေးငွေ
၁၀။ ကဏ္ဍ- အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ ဖြိုးရေးစီမံကိန်း					
အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှုနည်းပညာအားနည်	အသက်မွေးလုပ်ငန်းများကိုစီးပွားဖြစ်လုပ်ကိုင်နိုင်ခြင်းမရှိ	ဒေသတွင်းကျွမ်းကျင်သူများရှိသည်။နည်းပညာပံ့ပိုးပေးသောဖွံ့ဖြိုးရေးအစွမ်းများရှိသည်။	ဒေသတွင်းအသက်မွေးဝမ်းကျောင်းနည်းပညာသင်ကြားပေးသောဖွံ့ဖြိုးရေးအဖွဲ့များ၊ပုဂ္ဂလိကအဖွဲ့များရှိ	ကျေးလက်ဦးစီးဌာနမှတစ်ဆင့်အကူအညီတောင်းခံခြင်း	၁။ အလှပြင်သင်တန်း ၂။ စက်ချုပ်သင်တန်း ၃။ဆိုင်ကယ်၊ကား စက်ပြင်သင်တန်း

်းသည်။			သည်။		၄။ ပန်းအလှပြင်သင်တန်း ၅။ လက်သမား/ပန်းရံသင်တန်း
၁၁။ ကဏ္ဍ-အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖွံ့ဖြိုးမှုစီမံကိန်း					
အသက်မွေးဝမ်းကျောင်းလပ်ငန်းဖွံ့ဖြိုးမှုအားနည်းသည်။	အသက်မွေးလုပ်ငန်းများကိုစီးပွားဖြစ်လုပ်ကိုင်နိုင်ခြင်းမရှိပါ။	ကျွမ်းကျင်မှုရှိသောအသက်မွေးလုပ်ငန်းများရှိသည်။	လုပ်ငန်းတိုးချဲ့ရန်အရင်းအနှီးနည်းသည်။	ကျေးလက်ဦးစီးဌာနသို့တင်ပြအကူအညီတောင်းခံခြင်း	အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖွံ့ဖြိုးမှုစီမံကိန်းခေတ်မှီကိရိယာတပ်ဆင်ခြင်းလုပ်ငန်း
၁၂။ ကဏ္ဍ-လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း					
အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်မှုအားနည်းသည်	အသက်မွေးပညာသင်ကြားနိုင်ခြင်းမရှိ	ဒေသတွင်ကျွမ်းကျင်သူများရှိသည်။ပံ့ပိုးပေးသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများရှိသည်။	အဖွဲ့အစည်းများနှင်ချိတ်ဆက်မှုအားနည်းသည်။	ကျေးလက်ဦးစီးဌာနမှတစ်ဆင့်တင်ပြအကူအညီတောင်းခံခြင်း	၁။ကွန်ပြူတာသင်တန်း ၂။အင်္ဂလိပ်စကားပြောသင်တန်း
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းမှုအားနည်းသည်။	တိုင်းရင်းသားရိုးရာပွဲများကိုစည်ကားသိုက်မြိုက်စွာနှစ်စဉ်ကျင်းပနိုင်ခြင်းမရှိ။	ရိုးရာယဉ်ကျေးမှုများကိုထိန်းသိမ်းသောသက်ကြီးရွယ်ကြီးများရှိသည်။တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များရှိသည်။ယခင်ကရိုးရာယဉ်ကျေးမှုပွဲများကိုစည်ကားသိုက်မြိုက်စွာနှစ်စဉ်ကျင်းပခဲ့ကြသည်။	ရိုးရာပွဲများကိုနှစ်စဉ်ကျင်းပနိုင်ခြင်းမရှိ။ဆန်းသစ်မှုလည်းမရှိကြပါ။	တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	ရိုးရာတီးဝိုင်း၊ခေတ်ပေါ်တီးဝိုင်းထူထောင်ခြင်း
အားကစား	အားကစားရှိသော်လည်း	အားကစားကိုရုပ်မြင်သံ	ငွေကြေးမတတ်နိုင်ကြပါ။	ကျေးလက်ဦးစီးဌာနသို့တင်	လူငယ်ခန်းမရိပ်သာ

တိုးတက်မှုအ ားနည်းသ ည်။	အားကစားပစ္စည်းများမ ရှိပါ။	ကြားမှပြသပေးသည်။ ကျန်းမာရေးနှင့်အားကစား ဌာနရှိသည်။ အားကစားပစ္စည်းများကို ဒေသတွင်းဝယ်ယူရရှိနိုင်ပါ သည်။လူငယ်သုံးရွာပိုင် ပစ္စည်းများရှိသည်။		ပြခြင်း	ဆောက်လုပ်ခြင်း
လူငယ်များ လုံခြုံမှုအား နည်းသည်။	မူးယစ်ဆေးသုံးစွဲသူများ ပိုမိုများပြားလာသည်။	လူငယ်များလုံခြုံစွာနေထို င်လိုကြသည်။	မူးယစ်ဆေးများကိုအလွ ယ်တကူဝယ်ယူသုံးစွဲနိုင် ကြသည်။	လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းတ စ်ရပ်အနေဖြင့် အလေးထားဆောင် ရွက် ပေးသင့်သည်။	မူးယစ်ဆေးကာကွယ်တားဆီး ရေးအသိပ ညာပေးသင်တန်း
လေ့လာသင် ယူမှုအား နည်းသည်။	စာကြည့်တိုက်မရှိခြင်း	လူငယ်တိုင်းလိုလိုအင်တာ နက်အသုံးပြုကြသည်။ဖုန်း လိုင်းဆက်သွယ်ရေး ကောင်းသည်။	အင်တာနက်ကိုအကျိုးရှိရှိ အသုံးမချတတ်ကြပါ။စာ ဖတ်အားနည်း၍ စာပေလေ့လာမှုအားနည်း သည်။	လေ့လာသင်ယူနိုင်မည့်အစီ စဉ်များထားရှိခြင်း။	၁။ခေတ်မှီစာကြည့်တိုက်ထူ ထောင်ခြင်း ၂။အင်တာနက်အကျိုးရှိရှိအသုံး ပြုနည်းသင်တန်း
၁၃။ ကဏ္ဍ-သယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးမှုစီမံကိန်း					
အလုပ်အကို င်အခွင့်အလ မ်းနည်းသ ည်။	ဒေသတွင်းအလုပ်ရုံစက် ရုံများမရှိ။	အလုပ်လုပ်နိုင်သောအ ရွယ်များစွာရှိသည်။ဒေသ တွင်းခရီးသွားလုပ်ငန်း များရှိသည်။	အသက်မွေးလုပ်ငန်းကျွမ်း ကျင်မှုအားနည်းသည်။	တပိုင်တနိုင်လုပ်ငန်းများထူ ထောင်ပေးခြင်း	သုံးဘီးဆိုင်ကယ် တက္ကစထူထောင် ပေးခြင်း
၁၄။ ကဏ္ဍ–သဘာဝဘေးလျော့ချရေးဖွံ့ဖြိုးမှုစီမံကိန်း					
ကျေးရွာစို က်ပျိုးမြေ နှင့်လူနေ မြေနေရာအ	နှစ်စဉ်ရေတိုက်စားမှု ကြောင့်ကမ်းပါးရေတိုက် စားမှုများရှိသည်။	ဆောက်လုပ်ရေးအတွက် သဲ၊ကျောက်အလုံအ လောက်ရှိသည်။	ငွေကြေးနှင့်နည်းပညာမတ တ်နိုင်ကြပါ။	ကျေးလက်ဦးစီးဌာနသို့တင်ပြ ခြင်း	မြေထိန်းနံရံဆောက်လုပ်ခြင်း

ချို့သဘာဝဘေးကြောင့်ဆုံးရှုံးမှုများသည်။					
၁၅။ကဏ္ဍ–သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဖွံ့ဖြိုးမှုစီမံကိန်း					
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအားနည်းသည်။	ဗဟုသုတအားနည်းသည်။	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများရှိသည်။	ချိတ်ဆက်မှုမရှိ/ချိတ်ဆက်မှုအားနည်းသည်။	ဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲ၍ကျေးလက်ဦးစီးဌာနမှတဆင့်တင်ပြခြင်း	၁။အသိပညာဟောပြောပွဲပြုလုပ်ခြင်း ၂။ကျေးရွာလမ်းဆုံအမှိုက်ပုံများထားရှိခြင်းဟောပြောခြင်း ၃။ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အသိပညာပေးဟောပြောခြင်း
၁၆။ကဏ္ဍ– အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်းဖွံ့ဖြိုးရေးစီမံကိန်း					
အမျိုးသမီးများစွမ်းဆောင်ရည်အားနည်းသည်။	ဗဟုသုတအားနည်းသောကြောင့်ဖြစ်သည်။	အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ပေးသောဖွံ့ဖြိုးရေးအဖွဲ့များဒေသတွင်းရှိသည်။	အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုအားနည်းသည်။	ဖွံ့ဖြိုးရေးအဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	၁။အိမ်တွင်းအကြမ်းဖက်မှုကာကွယ်ခြင်းဥပဒေသင်တန်း ၂။အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း ၃။အမျိုးသမီးကာကွယ်စောင့်ရှောက်နည်းသင်တန်း

၁၇။ ကဏ္ဍ- မူဝါဒများ					
စိုက်ပျိုးမြေများပုံစံ ၇မရှိခြင်း	စိုက်ပျိုးမြေများပုံစံ၇ လျှောက်ထားရာတွင်အချိန်ကြန့်ကြာမှုအခက်အခဲများစွာရှိသည်။	ကျေးရွာအဆင့်မြို့နယ်အဆင့်မြေစီကော်မတီတရားဝင်ဖွဲ့စည်းထားသည်။ အကြိမ်ကြိမ်လျှောက်ထားသည်။	မြေပြင်ကွင်းဆင်းစစ်ဆေးမှုအားနည်းသည်။လုပ်ငန်းဆောင်ရွက်ပေးမှု၊ဝန်ဆောင်မှုများကြန့်ကြာသည်။	ကျေးလက်ဌာနမှတဆင့်မြေစီကော်မတီသို့တင်ပြလျှောက်ထားခြင်းနှင့်အခက်အခဲများကိုလွှတ်တော်သို့တင်ပြခြင်း	စိုက်ပျိုးမြေများပုံစံ၇ရရှိရေး
တိုင်းရင်းသားစာပေစကားအားနည်းလာပြီးပျောက်ကွယ်နိုင်သည့်အလားအလာရှိသည်။	အလေ့အကျင့်နည်းလာသည်။	တိုင်းရင်းသားစာပေ၊စကားကျွမ်းကျင်သူများ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များရှိသည်။	လက်ဆင့်ကမ်းသင်ကြားမှုအားနည်းသည်။	တိုင်းရင်းသားစာပေ၊စကားမြှင့်တင်ခြင်း	တိုင်းရင်းသားစာပေများကိုကေျဘင်းသင်ရိုးညွှန်းတမ်းများတွင်ထည့်သွင်းသင်ကြားပေးရေး။
အုပ်ချုပ်ရေးတွင်အမျိုးသမီးများပါဝင်မှုအလွန်နည်းနေသေးသည်။	အစဉ်အလာအရအမျိုးသားဖြင့်သာရွေးချယ်ဖွဲ့စည်းလေ့ရှိသည်။အမျိုးသမီးများမိမိကိုယ်မိမိယုံကြည်မှုအားနည်းသည်။	အချို့အမျိုးသမီးများအရည်အချင်းရှိသည်။	အစဉ်အလာအရအမျိုးသားများဖြင့်ရွေးချယ်ဖွဲ့စည်းလေ့ရှိသည်။အမျိုးသမီးများမိမိကိုယ်မိမိယုံကြည်မှုအားနည်းနေသေးသည်။	ဥပဒေပြဋ္ဌာန်းပေးရန်လွှတ်တော်သို့တင်ပြခြင်း	အုပ်ချုပ်ရေးတွင်အမျိုးသမီးများကိုအချိုးကျအနည်းဆုံး ၂၀%ပါဝင်ဖွဲ့စည်းပေးရန်။

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏာန်းအချက်အလက်များ (၄၈ ဇယား)
ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ
(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		**ကျား**	**မ**	**စုစုပေါင်း**
၁ နှစ် အောက်	နို့စို့အရွယ်	၁	၃	၄
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၅	၁၃	၂၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၅	၁၇	၃၂
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၆	၂၆	၅၂
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၈	၁၁၈	၂၄၆
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၆	၁၄	၂၀
စုစုပေါင်း		**၁၉၁**	**၁၉၁**	**၃၈၂**
စုစုပေါင်း အိမ်ထောင်စု (၇၃)အိမ်		**တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၅.၂၃**		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၇၃)ရှိပြီး လူဦးရေပေါင်း ၃၈၂(ကျား ၁၉၁+ မ၁၉၁) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၅.၂၃ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော ၅ ယောက်နှုန်းရှိသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း ၄ဦး၊ သာရှိသဖြင့် ယခုနှစ်များတွင် မွေးဖွါးနှုန်း ကျဆင်းလာနေသည်ကိုတွေ့ရသည်။ ၅ နှစ်အောက်ကလေးဦး **၂၈ဦး**ရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ်ဆေးထိုးရမည့် ကလေး အရေအတွက်ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တွက်ချက်နိုင်မည်။ မူလတန်းအရွယ် ကလေး **၃၂**ဦး (ကျား **၁၅**+မ ၁၇) နှင့် အလယ်တန်းကျောင်း သားအရွယ် **၅၂** ဦး (ကျား **၂၆** +မ **၂၆**) သိခြင်းဖြင့်ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းနေနိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သောအရွယ် **၂၄၆** (ကျား **၁၂၈**+ မ **၁၁၈**)၊ ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေအသင့်အတင့်များပြားသည်ကိုတွေ့ရသည်။၄င်းတို့ကိုအလုပ်အကိုင် ဖန်တီးပေးခြင်း၊အသက်မွေးဝမ်းလုပ်ငန်းများကျွမ်းကျင်တတ်မြောက်အောင်စွမ်းရည်မြှင့်တင်ပေး နိုင်ပါကကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာအထောက်အကူဖြစ်မည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး ၂၀ဦး (ကျား**၆**+ မ၁၄)ဦးရှိသည်။ **ကျေးရွာတွင်ကလေးမွေးဖွားမှုနှုန်းကျဆင်း၍ သက်ကြီးရွယ်အိုများပြားလျက်ရှိသည်။**

(၂-၁)အလုပ်လုပ်နိုင်သူအင်အား
ဇယား(၂)လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေ ချာ စွာဖတ်ပြီးမှန်ရာ
		အိမ်ထောင်	မိသားစုဝင်		

		စု	လုပ်အား		တစ်ခုကိုးရွေးရန်)
စိုက်ပျိုးရေးလုပ်ငန်းများ					
၁	လယ်ယာစိုကပျိုးရေး				
	ကိုယ်ပိုင်လုပ်ငန်း	၅၈	၁၈၆		မြင့် □ လတ် ☑ နိမ့် □
	အလုပ်သမား/ဝန်ထမ်း	၂	၄		မြင့် □ လတ် □ နိမ့် ☑
တိရစ္ဆာန်မွေးမြူရေး					
၂	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၃	ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုဇွန်စသောရေသတ္တဝါများဖမ်းခြင်း၊မွေးမြူခြင်း)				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း	၃	၆	၆	မြင့် □ လတ် □ နိမ့် ☑
၅	စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း				
	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၆	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၇	လျှပ်စစ်/ဓာတ်ငွေ့နှင့်ရေပေးဝေရေး				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၈	ဆောက်လုပ်ရေး၊လက်သမားပန်းရံလုပ်ငန်း				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၉	ယာဉ်၊စက်ကိရိယာနှင့်တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး				
	ကိုယ်ပိုင်လုပ်ငန်း	၂	၄	၄	မြင့် □ လတ် ☑ နိမ့် □
	အလုပ်သမား/ဝန်ထမ်း		၁	၁	မြင့် □ လတ် □ နိမ့် ☑
၁၀	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာသင်တန်းပေးသူ)				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၁၁	လက်လီ–လက်ကားရောင်းဝယ်ရေး				
	ကိုယ်ပိုင်လုပ်ငန်း	၅	၁၁	၁၁	မြင့် □ လတ် ☑နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၁၂	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □

၁၃	**ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့်ဆက်သွယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၁၄	**ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့်ငွေချေးခြင်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၁၅	**အိမ်ခြံမြေ၊ယာဉ်၊စက်ကိရိယာ၊ရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၁၆	**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေးကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၁၇	**ပညာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၁၉	**လူမှုရေးလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၂၀	**အိမ်များတွင်အငှားလိုက်သူများနှင့်အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				☒
	ရာသီအလိုက်အလုပ်လက်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □

ရင်းမြစ် ..... (၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**အရေအတွက်တွင် **မိသားစုဝင်အင်အား ထပ်မံထည့်သွင်း**ကောက်ခံခြင်းမပြုရပါ။ရပ်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်)ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်)အလုပ်သမား၊ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုဝင်ငွေစသည့်အခြေအနေကိုဆိုလိုပါသည်။ဥပမာ-စိုက်ပျိုးရေးကဏ္ဍ၏**ကိုယ်ပိုင်လုပ်ငန်း**တွင်ရပ်တည်နိုင်မှု**မြင့်**ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဝင်ငွေကောင်းသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကိုယ်ပိုင်ရပ်တည်နိုင်မှုသည်နိမ့်လျှက်ရှိသည်။လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသာလုပ်ကိုင်မှုရှိ၍ကိုယ်ပိုင်လုပ်ငန်းမရှိသလောက်နည်းပါးလျှက်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၂-၂)လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား(၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး(ကျပ်)		အနည်းဆုံး(ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၇	ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကားရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်,အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)	နေ့စား				
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်	နေ့စား				

ရင်းမြစ် ..... ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက် (၁)လခစားအလုပ်သမားများ၏ တစ်ရက်ဝင်ငွေ =(လစာ÷ ၂၂.၇၅)

(၂)နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ=(တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။လူတစ်ဦး၏တစ်ရက်ဝင်ငွေမှာအများဆုံးကျား၆၀၀၀ကျပ်ခန့်ရှိအနည်းဆုံး၅၀၀၀ခန့်ရပြီးမတစ်ဦး၏တစ်ရက်ဝင်ငွေမှာအများဆုံး၅၀၀၀ကျပ်ခန့်ရှိ အနည်းဆုံးမှာ၄၀၀၀ကျပ်ခန့်သာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၂) သဘာဝရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂-၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၅၀	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၂၀၀	ကောင်း ☐	သင့်☑	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၄၅၀			

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေး**မှူး**ရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လယ်(၂၅၀)ဧကရှိမြေဆီလွှာအရည်အသွေးမှာအသင့်တင့်ရှိသည်။ကိုင်း/ကျွန်းမြေ(၂၀၀)ဧကရှိမြေဆီလွှာအရည်အသွေးမှာလည်းအသင့်အတင့်ရှိသည်။ထို့ကြောင့် စိုက်ပျိုးရေးနှင့်ပတ်သက်သောအသိပညာနှင့်အထောက်အကူပစ္စည်းများထောက်ပံ့ပေးရန်လိုအပ်ပါသည်။

ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးချနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ဓါတ်သတ္တု(သတ္တုကျောက်မျက်၊ ကျောက်၊ သဲ၊ ကျောက်စရစ်)	သဲ (များ)	လွယ်

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးချနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
စသည်များ		
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	နွား	လွယ်
သဘာဝ အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက်အသုံးဝင်သော)	သင့်	လွယ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။ လေ့လာတွေ့ရှိချက်။ ။ကျောက်၊သဲ၊ကျောက်စရစ်များပေါများသော်လည်းအသုံးချနိုင်မှု အနည်းငယ်ခက် ခဲကြောင်းတွေ့ရပါသည်။နွားစာ၊ဆေးဖက်ဝင်အပင်များအနည်းငယ်သာရှိပြီးအသုံးချနိုင်မှုခက်ခဲကြောင်းလေ့လာ တွေ့ရှိရပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄-၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	(၅.၇)ဧက	(၃.၅)ဧက	(၁.၂)ဧက	-
အိမ်အခြေအနေ	တိုက်အိမ်	အုတ်နံကပ်ပေါ်ထပ် ပျဉ်ထောင်အိမ်	ပျဉ်ထောင်အိမ်	သက်ကယ်မိုးဝါးထရံကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	၉	၃၀	၃၄	-

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
အဓိကစီးပွားရေးလုပ်ငန်း	စိုက်ပျိုးမွေးမြူရေး	စိုက်ပျိုးမွေးမြူရေး	စိုက်ပျိုးမွေးမြူရေး	-
အိမ်ထောင်စု	၉	၃၀	၃၄	

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ခြေ (၇၃)အိမ်ရှိပြီး အဆင့် ၁ (၉) အိမ် ၊ အဆင့် ၂ (၃၀)အိမ်နှင့်အဆင့်၃(၃၄)အိမ်ရှိသည်။စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်းပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင်သောပစ္စည်းများပိုင်ဆိုင်မှုသည်ကျေးရွာစီးပွါးဥစ္စာဓနအဆင့်ခွဲရာတွင်အဓိကအရေး ပါသည်ကိုတွေ့ရသည်။ကျေးရွာတွင်အဆင့်၁နှင့်အဆင့်၂အိမ်အရေအတွက်မှာနည်းပြီး(၇၃)အိမ်ထောင်စု အနက်(၃၉)အိမ်သာရှိသော်လည်းပိုင်ဆိုင်မှုအနေဖြင့်များပြားစွာပိုင်ဆိုင်ကြပြီးဝမ်းစာဖူလုံကြသော်လည်း အဆင့်(၃)အဆင်မပြေအိမ်ထောင်စုအရေအတွက်မှာ(၇၃)အိမ်အနက(၃၄)အိမ်ရှိသည်။အရေအတွက်များ သော်လည်းပိုင်ဆိုင်မှုမှာအလွန်နည်းပြီး ဝမ်းစာဖူလုံမှုမရှိကြပါ။ ထို့ကြောင့်အများစုဖြစ်သော အဆင့် ၃ အိမ်ထောင်စုများသည်အဆင့်၁နှင့်အဆင့်၂အိမ်များသို့ကျပမ်းသွားရောက်လုပ်ကိုင်ကြရသော်လည်းပုံမှန် အလုပ်အကိုင်မရှိ၊လုပ်အားခမှာလည်းအလွန်နည်းသောကြောင့်ပြင်ပ(ပြည်တွင်း/ပြည်ပ)သို့ရွှေ့ပြောင်း သွားလာ လုပ်ကိုင်စားသောက်ကြ ရသည်။

ထိခိုက်လွယ်မှု

ဇယား(၇)ဆင်းရဲသောအိမ်ထောင်စုများ၏ဝမ်းစာဖူလုံမှုအခြေအနေ(ဥစ္စာဓနအဆင့်'၃'နှင့် '၄'အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = ---------- အစာလျှော့စား = ---------- အထောက်အပံ့ယူ = ---------- ချေးယူ = ---------- လုပ်အားခကြိုယူ = ----------

၃လနှင်ဖြလ ကြားဝမ်းစာဖူလုံမှု	၃၂	အခြားအစာပြောင်းလဲစား = ---------- အစာလျှော့စား = ---------- အထောက်အပံ့ယူ = ---------- ချေးယူ = ---------- လုပ်အားခကြိုယူ = ----------
ဖြလမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၁၂၂	အခြားအစာပြောင်းလဲစား = ---------- အစာလျှော့စား = ---------- အထောက်အပံ့ယူ = ---------- ချေးယူ = --၄၂---------- လုပ်အားခကြိုယူ = ----------

ရင်းမြစ် ..... ဥစ္စာဓနအဆင့်"၃"နှင့်"၄"အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ဖြလမှ၁၂အထိဝမ်းစာဖူလုံမှုတွင်အိမ်ထောင်စုအရေအတွက်၄၂စုရှိ၍အိမ်ထောင်စု ၄၂လုံးမှချေးငွေဖြင့်ဖြေရှင်းကြောင်းတွေ့ရှိရပါသည်။

ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအန

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအန

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲသည့်မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ..... ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၊အိမ်ထောင်စုများ၊မိမိရပ်ရွာတွင်မရှိသလောက်နည်းပါးကြောင်းတွေ့ရှိရပါသည်။

ဘေးအန္တရာယ် ထိခိုက်မှု အခြေအနေများ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင်ရေကြီးခြင်း၊မိုး ခေါင်ခြင်း၊အအေးလွန်ကဲခြင်း၊ငှက်ဖျားရောဂါအလယ်အလတ်သာရှိ၍ကိုယ်ခံအားကျဆင်းမှုရောဂါ၊ပြည် တွင်းပဋိပက္ခနိမ့်လျှက်သာရှိပြီးသဘာဝအရင်းအမြစ်ရှားပါးမှုနှင့်မြေပြိုခြင်း၊မြေဆီလွှာပျက်ဆီးမှုမြင့်တ က်လျှက်ရှိပါသည်။မြေပြိုခြင်းကြောင့်ရွာပျက်စီးမည့်အန္တရာယ်မြင့်တက်လျှက်ရှိကြောင်းမြေထိန်းတံတား များဆောက်လုပ်ပေးရန်လိုအပ်လျှက်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိရောက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် □ လတ် □ နိမ့် ☑ မရှိ □
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် □ လတ် □ နိမ့် ☑ မရှိ □
၃	ဆင်းရဲသားတောင်သူ	မြင့် □ လတ် □ နိမ့် ☑ မရှိ □
၄	သဘာဝဘေးဒဏ်ဆိုးဝါးစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသော ဒေသတွင်နေထိုင်သူ	မြင့် □ လတ် □ နိမ့် ☑ မရှိ □
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် □ လတ် □ နိမ့် ☑ မရှိ □
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့် □ လတ် □ နိမ့် ☑ မရှိ □
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် □ လတ် □ နိမ့် ☑ မရှိ □
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် □ လတ် □ နိမ့် ☑ မရှိ □
၉	ငါးကန်ပိုင်ရှင်များ	မြင့် □ လတ် □ နိမ့် □ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် □ လတ် □ နိမ့် ☑ မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □ လတ် □ နိမ့် □ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် □ လတ် □ နိမ့် □ မရှိ ☑
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် □ လတ် □ နိမ့် □ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □ လတ် □ နိမ့် □ မရှိ ☑

၁၅	လှည့်လည်သွာားလာ၍ စျေးရောင်းသူများ	မြင့် □ လတ် □ နိမ့် □ မရှိ ☑
၁၆	နေရပ်ပြန်အခြေချနေထိုင်သူများ	မြင့် □ လတ် □ နိမ့် □ မရှိ ☑
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် □ လတ် □ နိမ့် □ မရှိ ☑
၁၈	ကားမောင်းပြီးအသက်မွေးသူများ	မြင့် □ လတ် □ နိမ့် □ မရှိ ☑

ရင်းမြစ် ..... ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာတွင်အဓိကထိခိုက်ခံနိုင်သောခံရမှုအများဆုံးဖြစ်သောကျေးရွာအတွင်း ရှိလူငယ်အများဖြစ်သည်။အများစုမဟုတ်သော်လည်းအချို့သောလူငယ်များသည်ကျေးရွာ၏အနာဂတ် လူငယ်များမဟုတ်ဘဲမူးရစ်ဆေးဝါး၏ကျေးကျွန်များအဖြစ်ခံယူနေကြသည်။ဤကဲ့သို့ထိခိုက်ခံနေရသော ကျေးရွာအသီးသီးမှလူငယ်များကိုမူးရစ်ဆေးဝါးများ၏သားကောင်းများဖြစ်လာစေရန်အတွက်မူးရစ် ဆေးဝါးများနှင့်သက်ဆိုင်သောပညာပေးဟောပြောပွဲများကိုပို့ချသင်ကြားပေးစေချင်ပါသည်။

လေ့လာတွေ့ရှိချက်။ ။မိမိတို့ကျေးရွာအတွင်း ထိခိုက်နိုင်မှုအန္တရာယ်များတွင်လူငယ်များသာ အများဆုံးတွေ့ရပြီးကျန်သောအုပ်စုများမရှိသလောက်နည်းပါးလျှက်ရှိပါသည်။

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား (၁၁)ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ယဉ်ကျေးလိမ္မာလူငယ်အဖွဲ့	၁☑ ၂ □ ၃□	၃	၄	၇	ပညာရေး □ ဌေကြေး □ကျန်းမာရေး □ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး □	ကောင်း ☑ သင့်□ ညံ့ □
၂	ကျေးရွာကျန်းမာရေးကော်မတီ	၁□ ၂ ☑ ၃□	၅	၄	၉	ပညာရေး □ ဌေကြေး □ ကျန်းမာရေး ☑ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး □	ကောင်း ☑ သင့်□ ညံ့ □
၃	ရပ်မိရပ်ဖအဖွဲ့	၁□ ၂ ☑ ၃□				ပညာရေး □ ဌေကြေး □	ကောင်း ☑ သင့်□

						ကျန်းမာရေး □ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး □	ညံ့ □
၄	ပေါ်ခိန်မယ်ခိန်အဖွဲ့	၁□ ၂ ☑ ၃□	၃၀	၃၀	၆၀	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑လုံခြုံရေးနှင့်ကာကွယ်ရေး □	ကောင်း □ သင့်☑ညံ့ □
၅	အပျိုလူပျို	၁□ ၂ ☑ ၃□	၂၆	၂၈	၅၄	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး □	ကောင်း □ သင့်☑ညံ့ □
၆	မြစိမ်းရောင်	၁☑ ၂ □ ၃□	၄	၃	၇	ပညာရေး □ ငွေကြေး ☑ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး □	ကောင်း □ သင့်☑ ညံ့ □
၇	အမျိုးသမီးရေးရာနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့	၁□ ၂ □ ၃□				ပညာရေး □ ငွေကြေး □ ကျန်းမာရေး ☑ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး □	ကောင်း ☑ သင့်□ ညံ့ □

ရင်းမြစ် ..... ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု-လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည်။

(၂) လူမှုရေးအဖွဲ့ -ဥပမာ-အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းအဖွဲ့ပေါင်း(၇) ဖွဲ့ရှိပြီးလူထုအခြေပြုဖွဲ့စည်းထားသော အဖွဲ့အစည်းများဖြစ်ပါသည်။ ၄င်းအဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ကိုယ်တိုင် လိုအပ်ချက်အရ ဖွဲ့စည်းသော အဖွဲ့များသည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိသည်။လုပ်ငန်းလုပ်ဆောင်မှုကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။ပြင်ပမှလုပ်ငန်းလိုအပ်ချက်အရဖွဲ့စည်းခဲ့သောအဖွဲ့များရှိသော်လည်း တာဝန်ယူမှု တာဝန်ခံမှု၊ အပြန်အလှန်ယုံကြည်မှု အားနည်းသည်။ လုပ်ငန်းစွမ်းဆောင်မှုလည်းအားနည်းသည်။ ရေရှည်ရပ်တည်နိုင်မှုမ ရှိကြပါ။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်းများ၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	MHAA	၁ ☑ ၂ □ ၃ □ ၄□ ၅ □ ၆ □ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး ☑ ဘာသာရေး □စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး ၊လူမှုဖွံ့ဖြိုးရေး □
၂	ကြံခိုင်ရေးအဖွဲ့	၁ □ ၂ ☑၃ □ ၄□ ၅ □ ၆ □ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး ၊လူမှုဖွံ့ဖြိုးရေး ☑
၃	UNDP	၁ □ ၂ □ ၃ ☑ ၄□ ၅ □ ၆ □ ၇□	ပညာရေး ☑ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး ၊လူမှုဖွံ့ဖြိုးရေး □
၄		၁ □ ၂ □ ၃ □ ၄□ ၅ □ ၆ □ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး ၊လူမှုဖွံ့ဖြိုးရေး □
၅		၁ □ ၂ □ ၃ □ ၄□ ၅ □ ၆ □ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး ၊လူမှုဖွံ့ဖြိုးရေး □

၆		၁ □ ၂ □ ၃ □ ၄□ ၅ □ ၆ □ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး ၊လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ..... ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု။
မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း(ပြည်တွင်း/ပြည်ပ) (ဥပမာ-ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ)-Care International ,Save the Children,Gret,Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာGIZ, UKAID,USAID စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ(ဥပမာ-သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကိုဤဇယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။
လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အဖွဲ့အစည်းများအနေဖြင့်လာရောက်ခြင်းနည်းပါးပါသည်။ထို့ကြောင့်ဆောက်လုပ်ရေးအဖွဲ့အစည်းများအနေဖြင့်လာရောက်ထောက်ပံ့ခြင်း၊ပံ့ပိုးခြင်းများပြုလုပ်ပေးပါရန်လိုအပ်ပါသည်။
သီးနှံထုတ်လုပ်ရေး

စိုက်ပျိုးနိုင်သောမြေဇရိယာ
ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၉	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၇	ဆင်းရဲသားတောင်သူ

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၃၀	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၇	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၇၃	

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

